# တောင်မင်းပြောင်ကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်မင်းပြောင်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

CamScanner

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | တောင်မင်းပြောင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ် | ၅ |
| | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၁၀ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | ၁၁ |
| ၇။ | ကျန်းမာရေး | ၁၃ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၄ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၄ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၅ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၈ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၆၁ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၆၃ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၆၅ |
| | | |
| | | |
| | | |
| | | |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင် ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ


အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစား ပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြ ထားပါသည်။

၂၀၂၀ ခုနှစ်၊ သြဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>
တောင်မင်းပြောင်ကျေးရွာ<br>
လောင်းလုံးမြို့နယ်

## တောင်မင်းပြောင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

တောင်မင်းပြောင်ကျေးရွာသည် တောင်မင်းပြောင်ကျေးရွာအုပ်စု၊ လောင်လုံးမြို့နယ်တွင် ပါဝင်ပြီး မြောက်လတ္တီကျူ ၁၄ ဒီဂရီ၊ ၈ မိနစ်၊ ၂၃စက္ကန့်နှင့် ၉၈ ဒီဂရီ၊ ၁၀မိနစ်၊ ၃၆စက္ကန့် အကြား၊ အရှေ့လောင်ဂျီကျူ ၁၄ ဒီဂရီ၊ ၉ မိနစ်၊ ၁စက္ကန့်နှင့် ၉၈ဒီဂရီ၊ ၁၀မိနစ် ၂၈ စက္ကန့် အကြားတွင် တည်ရှိပါသည်။ တောင်မင်းပြောင်ကျေးရွာအုပ်စုတွင် ကျေးရွာ(၁)ရွာသာရှိပါသည်။ အရှေ့ဘက်တွင် လယ်ကွင်းများ၊ ရာဘာ တောများ၊ သီဟိုအပင်များနှင့် ထားဝယ်မြစ်၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ မြောက်ဘက်တွင် မြို့ဟောင်း ကျေးရွာနှင့်အင်း၊ တောင်ဘက်တွင် ခမောင်းတောင်ကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ လောင်းလုံးမြို့နယ်၏ အနောက်မြောက်ပိုင်းတွင် တည်ရှိကာ(၁၉/၀)မိုင်ခန့်သာ ကွာဝေးသဖြင့် နေ့ချင်းပြန်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုလည်း ကောင်းမွန်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအား အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၂၀) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ် ပျမ်းမျှအပူချိန်မှာ(၂၈)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ထွက်ရှိမှု မရှိပါ။ သို့သော်လည်း ကျောက်၊ သဲ၊ကျောက်စရစ်များကို ကျေးရွာတွင် မထွက်ရှိသော်လည်း အနီးအနားကျေးရွာများတွင် ဝယ်ယူနိုင်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျွန်ုပ်တို့ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၁၀)ဖွဲ့ရှိပါသည်။ ထိုအဖွဲ့များအနက် အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပူးတွဲလုပ်ကိုင်ပြီး ရပ်မိရပ်ဖအဖွဲ့နှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ ကျောင်းအကျိုးတော် ဆောင်အဖွဲ့မှာ ပညာရေးအတွက် လိုအပ်ချက်များကို အဓိကထား ဆောင်ရွက်ကာ ကျန်းမာရေးအဖွဲ့လည်း ပူးပေါင်းမှု အသင့်အတင့်ရှိပါသည်။ မြတ်ပီတိအသင်းမှာ ကျေးရွာ

တွင်း/ ရွာပ ကိစ္စရပ်(၂)ခု စလုံးအတွက် သာရေးနာရေးကိစ္စရပ်များကိုဆောင်ရွက်ပေးပါသည်။ အပျို/လူပျိုအဖွဲ့မှာ အလှူ မင်္ဂလာဆောင်၊ ကထိန်ခင်း၊ ရဟန်းခံရှင်ပြုပွဲများအတွက် အရေးပါလှပါသည်။ မေတ္တာရောင်ခြည် လူငယ်အဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ချိတ်ဆက်မှု အားနည်းပါသည်။ထို့ကြောင့် ကျေးရွာ အတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများသည် ကျေးရွာ၏ လိုအပ်ချက်များအား အဘက်ဘက်မှ ထောက်ပံ့ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုအခါတွင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။ ထို့ကြောင့် ပြင်ပအကူအညီများ ရရှိစေရန်အတွက် NGO, INGO, Unicef, World Vision စသည့် နိုင်ငံခြား အဖွဲ့အစည်းများနှင့် ချိတ်ဆက် ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ စိုက်ပျိုးမြေဧကမှာ (၈၄၃.၈၆) ဧကရှိပါသည်။ လယ်မြေမှာ (၅၈၈.၅၂) ဧကရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဥယျာဉ်ခြံမြေ(၂၁၀.၅၉)ရှိပြီး ရာဘာစိုက်ပျိုးမှု ပိုများပါသည်။ ကျေးရွာတွင် စပါးစိုက်ဧကမှာ များပြားသဖြင့် သီးနှံများအား ဝမ်းစာဖူလုံမှုအပြင် ရောင်းချခြင်းလည်းပြုလုပ်နိုင်ပါသည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ (၂၂၀)စုရှိပြီး ကျေးရွာ အိမ်ထောင်စု၏ (၅၂%)ခန့်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် အများအားဖြင့် ကျပန်းလုပ်ငန်းကို လုပ်ကိုင်ကြသလို လယ်ယာလုပ်ငန်းကိုလည်း အငှါးပြုလုပ်ကြသူများလည်း ဖြစ်ကြပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိသဖြင့် စိုက်ပျိုးရေးဖြင့် အသက်မွေးသူများ များပြားကြောင်း လေ့လာတွေ့ရှိ ရပါသည်။ကျေးရွာတွင် အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များအနေဖြင့် လက်ငင်ရေတွင်းနှင့် ချောင်းရေမှ အသုံးပြုကာ ရာသီပေါ်သီးနှံများကို စိုက်ပျိုးပါသည်။ စပါးကိုမူ မိုးရေအား အဓိကအသုံးပြုသဖြင့် မိုးရာသီ၌သာ စိုက်ပျိုးလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

တောင်မင်းပြောင်ကျေးရွာတွင် စပါးသီးနှံကို အဓိကထားစိုက်ပျိုးကျပြီး ဒေသမျိုးစေ့များကို စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုနည်းခြင်း၊ မြေဆီလွှာထိန်းသိမ်းနည်းပညာ

များမသိခြင်း၊ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးသဖြင့် အချိန်မီအသုံး မပြုနိုင်ခြင်းတို့ကြောင့် စပါးအထွက်နှုန်း နည်းပါးနေခြင်းဖြစ်ပါသည်။ ထို့အပြင် ဒုတိယ သီးနှံမှာ ရာဘာဖြစ်ပြီး စိုက်ဧက(၁၅၀)ခန့်ရှိကာ အမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ ရာဘာများကို အစေး ခြစ်ပြီး ထားဝယ်မြို့တွင် ရောင်းချကြပါသည်။ ထို့အပြင် သီဟိုဠ်လည်း အနည်းငယ်ထွက်ရှိပါသည်။ ကျေးရွာတွင် သဘာဝရေမြေရာသီဥတု အနေအထားမှာ အသင့် အတင့်ကောင်းမွန်ပြီး လယ်ယာမြေအသုံးချနိုင်မှုလည်း ကောင်းမွန်သဖြင့် စိုက်ပျိုးရေး သီးနှံ အထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်း များရှိပါသည်။ ထို့အပြင်ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိသဖြင့် အဆင်ပြေမှု ရှိပါသည်။ သီးနှံမျိုးစေ့နှင့် သဘာဝမြေဩဇာများကို အသင့်အတင့် ဝယ်ယူနိုင်ပါသည်။ ထို့အပြင် ဓာတ် မြေဩဇာများကိုလည်း ဝယ်ယူနိုင်ပြီး စိုက်ပျိုးထားသော သီးနှံများကို ဈေးနှုန်း မှန်ကန်စွာ ရောင်းချနိုင်သဖြင့် တောင်သူများအတွက် အဆင်ပြေမှုရှိပါသည်။ ထို့အပြင် စပါးထွက်ချိန်၌ လောင်မီးပိုးများကျရောက်ခြင်း၊အရွက်စားပိုးများ ကျရောက်ခြင်းတို့ရှိတတ်ပါသည်။ ကျေးရွာ တွင် တောင်သူများပြားပြီး သီးနှံအထွက်နှုန်း နည်းပါးသဖြင့် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ရန်လိုအပ်နေပါသည်။

ကျေးရွာ၏ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုအနေဖြင့် ထွန်စက်(၉)စီး၊ လက်တွန်းထွန်စက်(၂၃)စီး၊ ခြွေလှိမ့်စက်(၁)စီး၊ ရေစုပ်စက်(၂၄)လုံးနှင့် မြက်ရိတ်စက်(၆၁)စီး တို့ ပိုင်ဆိုင်ကြပါသည်။ ရေစုပ်စက်အား ရာသီပေါ်သီးနှံများ စိုက်ပျိုးရာတွင်လည်းကောင်း၊ မြက်ရိတ်စက်အား မြက်ပင်နှင့်ပေါင်းပင်များ ရိတ်သိမ်းရာတွင်လည်းကောင်း အသုံးပြု ပါသည်။ စပါးပျိုးထောင် ရန်အတွက် ငှါးရမ်းလုပ်ကိုင်သူများမှာ(၁)ကေလျှင် (၄၀၀၀၀)ကျပ် ပေးရပါသည်။ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းခမှာမူ တစ်ကေလျှင် (၅၀၀၀၀)ကျပ် ပေးရပါ သည်။ ကျေးရွာတွင် တောင်သူများပြားပြီး ရိတ်သိမ်းခြွေလှေ့စက်(၅)လုံးနှင့် ခြွေလှေ့စက်မှာ (၁)လုံးသာရှိသဖြင့် ငှါးရမ်းအသုံးပြုနေရသော အိမ်ထောင်စု(၈၀)စုခန့်ရှိပါသည်။ စက် ကိရိယာများမှာ အလှည့် ကျစောင့်ဆိုင်းရသဖြင့် သီးနှံများ အမှည့်လွန်ကာ အလေအလွင့် အနည်းအငယ်ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာများ အဆင်ပြေ စေရေးတွက် လယ်ယာသုံး စက်ကိရိယာ များအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ကုမ္ပဏီများ စသည်တို့နှင့် ချိတ်ဆက်ပြီး ဝယ်ယူမည်ဆိုပါက တောင်သူ များအတွက် ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တောင်မင်းပြောင်ကျေးရွာတွင် မွေးမြူရေးအနေဖြင့် ကျွဲမွေးမြူရေး လုပ်ကိုင်သူ (၁)ဦးရှိပြီး ယခင်ကနိုင်းစေရန်အတွက် မွေးမြူကြသော်လည်း ယခုအချိန်တွင် ခိုင်းစေခြင်း မပြုတော့ပါ။ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများမှာ နို့ရရှိရန်သာ အဓိကမွေးမြူပါသည်။ ကြက်၊ ဝက်နှင့်ဘဲများကို တစ်နိုင်တစ်ပိုင်သာ မွေးမြူလုပ်ကိုင်ကြပါသည်။ ကျေးရွာမြစ်ချောင်းတွင် ရေချိုငါးဖမ်းခြင်း (၂)ဦးလည်းရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ အနေဖြင့် သွင်းအားစု၊ ချေးငွေနှင့် မြေနေရာ အသင့်အတင့် ရရှိပါသည်။ ထို့အပြင် မွေးမြူထားသော တိရစ္ဆာန်များအား ဈေးနှုန်းမှန်ကန်စွာ ရောင်းချရန် ဈေးကွက်လည်း ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော အုပ်စုများ၏ အပယာန့်အတားစိန်ခေါ်မှုများ အနေဖြင့် စားကျက်မြေ မရှိသည့်အပြင် နည်းပညာဝန်ဆောင်မှုလည်း မရရှိပါ။ထို့အပြင် ငါး/ပုစွန်များ မွေးမြူရန် ရေမြေအနေအထား မကောင်းသဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများ အခွင့်အလမ်းများဆုံးရှုံးနေကြောင်း လေ့လာတွေ့ ရှိရပါ သည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တောင်မင်းပြောင်ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် ထုတ်ကုန်လုပ်ငန်း (ခမောက်ထုတ်ငန်း)၊ ပရိဘောဂလုပ်ငန်း၊ အလှူမီနီယမ်လုပ်ငန်း၊ ပညာရေးဝန်ထမ်း၊ အရောင်းအဝယ်လုပ်ငန်း(ဆီဆိုင်၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ခေါင်းရွက်ဗျက်ထိုးရောင်းသူ)တို့အား လုပ်ကိုင် ကြပါသည်။ ၎င်းအပြင် ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သမား၊ ဆံပင်ညှပ်ဆိုင် နှင့် အင်ဂျင်နီယာများလည်း ရှိပါသည်။ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ထားဝယ်မြို့ သာမက ထိုင်း(ထီးခီး)မြို့သို့ ပို့ဆောင်ရာ တွင်လည်း အသုံးပြုပါသည်။ ထူးခြားမှုအနေဖြင့် တစ်ရွာလုံးနီးပါး ကောက်ညှင်းကျည်တောက်ပြုလုပ်ကြပြီး ဘုရားပွဲတော်များတွင် ရောင်းချလေ့ရှိကြပါသည်။ တောင်မင်းပြောင်ကျေးရွာဟု ဆိုသည်နှင့် ကောက်ညှင်းကျည်တောက်နှင့် တွဲကာ မြင်တတ်ကြပါသည်။ ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၅၀၀၀) ကျပ်မှ အနည်းဆုံး (၇၀၀၀) အထိ ရရှိပါသည်။ လက်လီလက်ကား ရောင်းဝယ်မှုများမှာ အများဆုံး (၅၀၀၀)မှ အနည်းဆုံး (၃၀၀၀)အထိ ရရှိပါသည်။ ကျွမ်းကျင် ပညာရှင်များအနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၀၀၀၀)မှ အနည်းဆုံး (၇၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီများ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိ နိုင်မှုနည်းပါသည်။ ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများသာ ဝင်ငွေရပ်တည်နိုင်မှု

အသင့်အတင့်ရှိပြီး အခြားဝင်ငွေရလုပ်ငန်း (သို့မဟုတ်) ငှါးရမ်းလုပ်ကိုင်သူများမှာ ဝင်ငွေရပ်တည် နိုင်မှု နိမ့်ပါး ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ စိုက်မွေးမဟုတ်သော အုပ်စုများ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ နည်းပညာများ ပံ့ပိုးရန် လိုအပ်နေပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် ချေးငွေရရှိ နိုင်သော နေရာများမှာ အသင့်အတင့် ရှိပါသည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသည် အပေါင်ခံပစ္စည်းပုံစံ(၇)ဖြင့် ထုတ်ချေးနိုင်ပါသည်။ထို့အပြင် My Future ပုဂ္ဂလိလချေးငွေဝန်ဆောင်မှုများမှ ငွေစုငွေချေးအစီအစဉ် ထုတ်ချေးနိုင်ပြီး အတိုးနှုန်းမှာ ၁ကျပ်ဖြဝပြား ဖြစ်ပါသည်။ ငွေကျပ်(၁၀)သိန်းချေးပါက (၁)လလျှင် အတိုး အရင်းပေါင်း (၉၅၀၀၀)ကျပ်နှုန်းဖြင့် (၁၂)လပေးဆပ်ရပါသည်။ ငွေထုတ်ချေးရာတွင် အပေါင်ခံပစ္စည်း တစ်စုံတစ်ရာ မလိုအပ်သည့်အပြင် အတိုးများကိုလည်း (၁)လတစ်ကြိမ် အိမ်တိုင်ရာရောက် ကောက်ယူသဖြင့် အဆင်ပြေမှုရှိပါသည်။ ငွေချေးပေးသူများမှာ တစ်နှစ်ထက်ကျော်လွန်ပြီး ချေးပေးကြပြီး အတိုးနှုန်းမှာ (၆%)နှုန်း ဖြစ်ပါသည်။ ငွေချေး ပေးသူများတွင် အချို့မှာ အပေါင်ပစ္စည်း လိုအပ်သလို အချို့မှာ မလိုအပ်ပါ။ ထို့အပြင် သူငယ်ချင်း/မိတ်ဆွေများတွင် ထုတ်ချေးမည်ဆိုပါက (၆)လအတွင်း အတိုးမဲ့ ထုတ်ချေး နိုင်ပြီး အပေါင်ပစ္စည်းလည်း မလိုအပ်ပါ။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ရွာတွင်းလမ်း(၅)လမ်းရှိပြီး မြေသားလမ်း(၄)လမ်းရှိပြီး (၂/၀)မိုင်ခန့်ရှိပါသည်။ အဆိုပါလမ်းများသည် လမ်းကျဉ်းမြောင်းပြီး မိုးရာသီတွင် ရွှံ့ဗွက်များထသဖြင့် အဆိုပါလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ခမောင်းတောင် - တောင်မင်းပြောင် - မြို့ဟောင်းကျေးရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်း ဖြစ်ပြီး (၃/၀)မိုင်ခန့်ကွာဝေးပါသည်။ကျေးရွာတွင် ကွန်ကရစ်တံတား(၂)စင်းရှိပြီး ဆောက်လုပ်ထားသည်မှာ (၆)နှစ်ခန့်သာ ရှိသေးသဖြင့် အရည်အသွေးကောင်းမွန်ပါသည်။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးအား အသုံးမပြုပါ။

တောင်မင်းပြောင်ကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ ကျေးရွာ ကျောင်းသို့ သွားလာရာတွင်လည်းကောင်း၊အ.ထ.ကခွဲ(မြို့ဟောင်း)(သို့) အ.ထ.က (ကမြောကင်း)

ကျောင်းသို့သွားလာရာတွင်လည်းကောင်း အသုံးပြုကြပြီး တစ်ခါတစ်ရံ ဈေးသို့သွားရာတွင်လည်း အသုံးပြုကြပါသည်။ မော်တော်ဆိုင်ကယ်မှာ သာရေး/နာရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး ကဲ့သို့သော ကိစ္စတိုင်းလိုလို အသုံးပြုကြပြီး အိမ်တိုင်း နီးပါးရှိပါသည်။ သုံးဘီးဆိုင်ကယ်(၂၀)စီးနှင့်ကား(၂၄) စီးမှာ ရွာ၏သယ်ယူပို့ဆောင်ရေးကို အဓိကထား ဆောင်ရွက်ပါသည်။ ၎င်းအပြင် ကားကို ထိုင်းနိုင်ငံသို့ ထီးခီးလမ်းမှ သွားရာ၌ အသုံးပြုပြီး ထိုနိုင်ငံတွင် အလုပ်လုပ်နေကြသော လုပ်သားများ ကျေးရွာသို့ အသွားအပြန်လုပ်ရန် အဆင်ပြေပါသည်။ ထို့အပြင် ထော်လာဂျီ(၂၀)စီးမှာ ကျောက်၊ သဲများနှင့် ကျေးရွာမှထွက်ရှိသော ကုန်ပစ္စည်း များကို သယ်ယူရာ၌ အသုံးပြုကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

တောင်မင်းပြောင်ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာဓာတ်အားလိုင်း ရရှိနေပြီဖြစ်ပါသည်။ သို့သော် သုံးစွဲသောအိမ်ထောင်စုမှာ (၃၈၉)စုသာ ဒီဇယ်အင်ဂျင် သုံးစွဲသော အိမ်ထောင်စုမှာ (၃၁)စုရှိနေပါသည်။ ကျေးရွာတစ်ရွာလုံးခြုံငုံကြည့်ပါက မဟာဓာတ်အား လိုင်းသုံးစွဲသော အိမ်ထောင်စုမှာ ကျေးရွာ၏ (၉၁%)ရှိပြီဖြစ်ပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ဖယောင်းတိုင် မီးကို အသုံးပြုကြကြပါသည်။ ထို့ကြောင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းများစွာရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တောင်မင်းပြောင်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၆၅၇)လုံး ရှိပြီး MPT, Telenor, Mytel, Oredoo စသည်ဖြင့် ဆက်သွယ်ရေးလိုင်းအစုံရရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းလည်း ကောင်းမွန်ပါသည်။ ထို့အပြင် ရေဒီယို(၄၂)လုံးမှာ မနက်စောစော တရားနာခြင်း၊ မိုးလေဝသ သတင်းအချက်အလက်များ၊ စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာအချက်အလက်များ သတင်းအချက်အလက်နှင့် နည်းပညာများကို နားဆင်လေ့ရှိပါသည်။ ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက် ဆက်သွယ်ရေးလိုင်းကောင်းမွန်ခြင်း၊ ထားဝယ်မြို့နှင့် (၆)မိုင်ခန့်သာကွာဝေးသဖြင့် သတင်းစာများကို ရရှိရန် လွယ်ကူခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများသည် အသိပညာများ ရရှိရန်အတွက် အခွင့် အလမ်းများစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်း(လွန်)ကျောင်းအဆင့်သာ ရှိပြီး (၆၀'×၃၀'×၁၂') နှင့် (၁၂၀'×၃၀'×၁၂')(၂)ဆောင်ရှိပါသည်။ ကျောင်းသည် ကျေးရွာ၏ အလယ်တွင်ရှိပြီး အများအားဖြင့် ခြေလျင်၊ စက်ဘီးများ အဖြစ်သာ သွားလာနေကြပါသည်။ အချို့မှာ ကျောင်းသား

မိဘများမှ ဆိုင်ကယ်ဖြင့် ပို့သူများလည်းရှိပါသည်။ မူလွန်ကျောင်းတွင် ကျောင်းသား (၁၉၆)ဦးနှင့် ကျောင်းသူ (၁၆၅)စုစုပေါင်း(၃၆၁)ဦးပါသည်။ ၎င်းအပြင် ကျောင်းသား ဦးရေများပြားလာသဖြင့် စာရေးခုံ(၅၀)စုံဖြည့်ဆည်းရန် လိုအပ်နေပြီး ကျောင်းအဆောက်အဦလည်း မလုံလောက်ပါ။ ကျောင်းတွင် (၂)ခန်းတွဲအိမ်သာ(၅)လုံးရှိပြီး သန့်ရှင်းမှုလည်းရှိပါသည်။ ကျောင်းခြံစည်းရိုးမှာ အရှေ့မျက်နှာတစ်ဖက်သာရှိပြီး (၂၁၀')ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းတွင် လက်တူးတွင်း ရှိပြီး ရေပိုက်ဖြင့်သွယ်တန်းကာ (၂၀၀၀)လီတာပုံးဖြင့် သုံးစွဲသဖြင့် အဆင်ပြေမှုရှိပါသည်။ အာဟာရ တိုက်ကျွေးမှုမှာ ကျောင်းသားများမွေးနေ့ပြုလုပ်ရာတွင်လည်းကောင်း၊ တစ်ခါတစ်ရံ ကျေးရွာ အလှူရှင်များမှလည်းကောင်း တိုက်ကျွေးမှုရှိပါသည်။ လိုအပ်နေပါသည်။ အလယ်တန်းနှင့် အထက် တန်းပညာရေးကို (၂)မိုင်ခန့်ကွာဝေးသော မြို့ဟောင်းကျေးရွာတွင်လည်းကောင်း၊ (၄)မိုင်ခန့် ကွာဝေးသော ကမြောကင်းကျေးရွာတွင်းလည်းကောင်း တက်ရောက်ကြပြီး ငွေကြေးအသင့်အတင့် ပြည့်စုံသူများမှာ ထားဝယ်မြို့ရှိ ဘော်ဒါအဆောင်များတွင် တက်ရောက်ကြပါသည်။

ကျေးရွာရှိ လက်ရှိကျောင်းတက်နေသော ကျောင်းသားဦးရေမှာ မူလတန်း ကျား (၁၃၇) နှင့်မ(၁၀၂)။ အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသူမှာ ကျား(၄၃)နှင့် မ(၅၈) ဦး၊ အထက်တန်းအဆင့်မှာ ကျား(၃၁)နှင့် မ(၄၂)ဦးရှိပါသည်။ ထို့အပြင် တက္ကသိုလ်တက်နေသူဦးရေမှာ ကျား(၁၆)ဦးနှင့် မ(၂၇)ဦး ရှိပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်း တက်နှုန်းမှာ အများဆုံးဖြစ်ပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော လူဦးရေ မှာ (၄၅၆)ဦးရှိပြီး အမျိုးသမီးဦးရေက ပိုများပါသည်။ ကျေးရွာ၏ ပညာရေးနှင့် စာပေတတ်မြောက်မှုကို လေ့လာပါက သက်ကြီးပိုင်း စာမတတ်သူဦးရေ(၂၃)ဦးရှိပါသည်။ မူလတန်းအဆင့်စာတတ်မြောက်သည့်လူဦးရေမှာအများဆုံးဖြစ်ပြီး(၄၄.၁၇%)၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၅.၃၆%) ၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၈.၈၉%) နှင့်တက္ကသိုလ်/ကောလိပ်အဆင့် စာတတ် မြောက်သူမှာ (၂.၁၂%)ရှိပြီး ယခုအခါတွင် မိဘများမှ ပညာရေးကဏ္ဍဖက်တွင် ဦးစား ပေးလာကြသဖြင့် အနာဂတ်တွင် ကျေးရွာ၏ပညာရည် တိုးတက်မှုများ ပိုမိုလာနိုင်ပါသည်။ ကျောင်းတွင် အားကစားကွင်းမှာ သီးသန့်မရှိဘဲ ကျောင်းမျက်နှာပြင် အရှေ့တွင်သာ ကစားရပါသည်။ ကျောင်းအားကစား ဆိုင်ရာ ပစ္စည်းများမှာ မရှိသလောက် နည်းပါးပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း ပူးပေါင်းမှုအား ကောင်းပါသည်။



CS CamScanner

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဆရာမ(၁)ဦးရှိပြီး ဖျားနာခြင်း၊ ကာကွယ်ဆေး တိုက်ကျွေးခြင်း တို့ကိုသာ ဝန်ဆောင်မှု ရရှိပါသည်။ ထို့အပြင် အနီးအနားကျေးရွာဖြစ်သော ခမောင်းတောင် ကျေးရွာတွင်လည်း ကျန်းမာရေးဌာနခွဲရှိပြီး ကျေးရွာမှ (၁/၂)ခန့် ကွာဝေးပါသည်။ လောင်းလုံးမြို့နယ်ဆေးရုံမှာ ကျေးရွာ မှ (၁၆)မိုင်ခန့် ကွာဝေးသဖြင့် ထားဝယ်မြို့သွားပါက (၆/၀)မိုင်သာ ကွာဝေးသဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံ ကြီး(သို့) ပုဂ္ဂလိကဆေးရုံများသို့ သွားလာမှုက ပိုများပါသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီ ၊ နှလုံးရောဂါ၊ ဆီးချို၊ သွေးတိုး နှင့် အခြားကူးစက် နိုင်သော ရောဂါများမှာ အနည်းငယ် ဖြစ်ပွားကြပါသည်။ တောင်မင်းပြောင် ကျေးရွာတွင် ကာကွယ်ဆေးထိုးမှုမှာ အသည်းရောင် အသားဝါဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ကိုယ်ဝန်ဆောင်မိခင်များအား ဆေးခိုင်ကာကွယ် ဆေးနှင့် ဝက်သက်ကာကွယ်ဆေးတို့ကို တစ်ခါတစ်ရံ ထိုးနှံမှုများရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဆရာမမလုံလောက်သဖြင့် အာဟာရ မှတ်တမ်းယူမှုနှင့် ပညာပေး အစီ အစဉ်များ ဆောင်ရွက်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုများ ပြည့်စုံစွာရရှိနိုင်ရေးအတွက် ကျန်းမာရေးဆရာမ ဖြည့်ဆည်းရန် လိုအပ်နေပါသည်။

ကျေးရွာတွင် သောက်သုံးရေ ရရှိမှုအနေဖြင့် အဓိကအားဖြင့် လက်တူးတွင်းကို အသုံးပြုကြပါသည်။ တစ်ရွာလုံးအနေဖြင့် လက်တူးတွင်း(၂၇၁)တွင်းရှိပြီး လက်တူးတွင်း မရှိသော အိမ်ထောင်စုမှာ (၁၄၅)စုရှိပါသည်။ လက်တူးတွင်း မရှိသော အိမ်ထောင်စု များသည် တောင်ကုန်းပေါ်တွင်ရှိသဖြင့် လက်တူးတွင်းတူးဖော်ရန် ခက်ခဲပါသည်။ ထို့ကြောင့် မြေနိမ့်အပိုင်းရှိ အိမ်ထောင်စုများ၏ လက်တူးတွင်းများမှ ရေမြှပ်ပန့်တပ်ဆင်ကာ ရေပိုက်ဖြင့် သွယ်တန်းထားကြပါသည်။ အဆိုပါ ရေတပ်ဆင်ခြင်းများအတွက် အခကြေးငွေများ မပေး ဆောင် ရသဖြင့် အဆင်ပြေမှုရှိပါသည်။ ကျေးရွာရှိ လက်တူးတွင်းများသည် ရာသီမရွေး အသုံးပြုနိုင်သဖြင့် ကျေးရွာသူ/သားများသည် သောက်သုံးရေများအား လုံလောက်စွာ အသုံးပြုနိုင်ပါသည်။ ထို့အပြင် အဝီစိတွင်း (၁၀)တွင်းမှာလည်း ရာသီမရွေး အသုံးပြုနိုင် ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၄၂၇)ရှိသည့်အနက် (၃၆၂)အိမ်ထောင်စုသာ သန့်ရှင်း သော ယင်လုံအိမ်သာကို သုံးစွဲကြပြီး မသန့်ရှင်းသောအိမ်သာ သုံးစွဲသူ အိမ်ထောင်စု(၄၃)စု ရှိပါသည်။ ထို့အပြင် အိမ်သာမရှိသော အိမ်ထောင်စု (၂၂)စုရှိပြီးဆွေမျိုး၊ မိဘ အိမ်များတွင် မျှတသုံးစွဲကြပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု အများစုမှာ ငွေကြေး မတတ်နိုင်ခြင်း၊ မြေနေရာ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဌာန၊ ဝေါ်ဗီရှင် ကဲ့သို့သော NGO, INGO အဖွဲ့များနှင့် ချိတ်ဆက်ပြီး သန့်ရှင်းသော အိမ်သာများ အိမ်သာများ ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။

### ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တောင်မင်းပြောင်ကျေးရွာတွင် လယ်ကွင်းများမှာ မြေယာပြုပြင်မှု အားနည်းသဖြင့် သီးနှံအထွက်နှုန်းနည်းပြီး ဖျက်ပိုးကျရောက်မှုလည်း အနည်းငယ်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးမြေပြုပြင်ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ နည်းပညာသင်တန်းများ လိုအပ်နေပါသည်။ ထို့အပြင် ကျေးရွာတွင် တနင်္ဂနွေနေ့တိုင်း အမှိုက်သိမ်းအဖွဲ့မှ နေအိမ်များမှ ထွက်ရှိသော အမှိုက်များအား လိုက်လံသိမ်းဆည်းလေ့ရှိပြီး အဖွဲ့ဝင်(၃၀)ဦးပါဝင်ပါသည်။ ကျေးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအားစနစ်တကျဆောင်ရွက်တတ်သော အလေ့ရှိသဖြင့် ကျေးရွာသာယာ လှပရေးအတွက် အထောက်အကူများစွာ ရရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

### ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တောင်မင်းပြောင်ကျေးရွာ၏ ကျေးရွာစီမံ အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွ စွာပါဝင်မှု/ခေါင်းဆောင်မှု အပိုင်းတွင် ပါဝင်မှုနည်းကြပါသည်။ ထို့အပြင်ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်လည်း အမျိုးသမီးများ ပါဝင်မှုနည်းကြသော်လည်း အလှူ ကိစ္စများ၊ ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာ၌ တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ အများအားဖြင့် အချို့အမျိုးသမီးများက သိသလို၊ အချို့ အမျိုးသမီးများလည်း မသိသေးပါ။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - တောင်မင်းပြောင် | | | ကျေးရွာအမည် - တောင်မင်းပြောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်း | |
| ၃ | စိုက်ပျိုးရေး | စက်ကိရိယာ | လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်သော ကုမ္ပဏီ/ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ခြင်း | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.က(မူလွန်) ကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်း (၆၀'×၃၀'× ၁၂') | တတိယ |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာရေးခုံ(၅၀)စုံဖြည့်ဆည်းခြင်း | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.က(မူလွန်)ကျောင်း ကျောင်းခြံစည်းရိုးကာရံခြင်း(၂၁၀'×၅') | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း(၃၀'×၂၀'×၁၂') | ဒုတိယ |
| ၈ | ကျန်းမာရေး | ကျန်းမာရေး အထောက်အကူပြု | ကျန်းမာရေးဆရာမလိုအပ်ခြင်း | |
| ၉ | ကျန်းမာရေး | ကျန်းမာရေး အထောက်အကူပြု | ကျန်းမာရေးဌာနခွဲလျှောက်ထားခြင်း | |
| ၁၀ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | အိမ်တိုင်း ယင်လုံအိမ်သာသုံးစွဲလာစေရန် ပညာပေး လုပ်ဆောင်ခြင်း။ | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း(၄)လမ်း မြေသားလမ်းတိုးချဲ့ခြင်း (၂/၀)မိုင် | ပထမ |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း(၄)လမ်း မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း (၂/၀)မိုင် | |
| ၁၃ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၁၄ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း (ကွန်ပျူတာ၊ စက်ချုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၅ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၁၆ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ခြင်း | |
| ၁၇ | | | | |
| | | | | |

နောက်ဆက်တွဲ (၁)

တောင်မင်းပြောင်ကျေးရွာ ၊ တောင်မင်းပြောင်ကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးဝင်းလှဲ့ကို | | ၆/လလန(နိုင်) | | နာယက | ၀၉-၄၅၁၅၆၁၅၅၆ |
| ၂။ | | | ၆/လလန(နိုင်) | | နာယက | - |
| ၃။ | | | ၆/လလန(နိုင်) | | နာယက | ၀၉- |
| | | | | | | |
| ၁ | ဦးမင်းလွင် | ဦးအောင်ရွှေ | ၆/လလန(နိုင်)၀၆၁၅၇၈ | ၄၄ | ဥက္ကဋ္ဌ | ၀၉-၇၇၀၁၉၇၂၉၆ |
| ၂ | ဦးခင်မောင်ထွေး | ဦးထွန်းသိီး | ၆/လလန(နိုင်)၀၆၆၈၇၃ | ၄၃ | အတွင်းရေးမှူး | ၀၉-၆၇၇၆၀၅၀၀၅ |
| ၃ | ဦးအာကာဖြိုး | ဦးသိန်းသန်း | ၆/လလန(နိုင်)၁၂၂၂၀၇ | ၂၆ | ဘဏ္ဍာရေးမှူး | ၀၉-၇၆၀၄၄၁၂၉၉ |
| ၄ | ဦးမျိုးလွင် | | ၆/လလန(နိုင်)၀၂၆၈၉၃ | | စာရင်းကိုင် | - |
| ၅ | ဦးမင်းအေး | | ၆/လလန(နိုင်)၀၈၉၂၃၉ | | အဖွဲ့ဝင် | ၀၉- |
| ၆ | ဦးသောင်းဖေ | | ၆/လလန(နိုင်)၀၈၀၉၂၂ | | အဖွဲ့ဝင် | ၀၉- |
| ၇ | ဦးအောင်ဇင်ကို | | ၆/လလန(နိုင်)၀၂၂၆၂၉ | | အဖွဲ့ဝင် | ၀၉- |
| ၈ | ဒေါ်အိချော | | ၆/လလန(နိုင်)၁၀၁၆၉၈ | | | |
| ၉ | ဒေါ်သန်းသန်းထိုက် | | ၆/လလန(နိုင်)၁၂၃၀၃၃ | | | |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၆ | ၂၃ | ၄၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၀၇ | ၇၃ | ၁၈၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃၂ | ၉၀ | ၂၂၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၉၇ | ၉၂ | ၁၈၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၄၄ | ၉၅၀ | ၁၇၉၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်အို | ၆၂ | ၁၀၀ | ၁၆၂ |
| စုစုပေါင်း | | ၁၂၆၈ | ၁၃၂၉ | ၂၅၉၇ |
| စုစုပေါင်း အိမ်ထောင်စု | | | ၄၂၇ | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။တောင်မင်းပြောင်ကျေးရွာတွင် အိမ်ထောင်စု(၄၂၇)စုရှိပြီး ကျား(၁၂၆၈) ဦးနှင့် မ(၁၃၂၉) ဦး၊ စုစုပေါင်းလူဦးရေ (၂၅၉၇)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၁.၈၉%)၊ငါးနှစ်အောက်ကလေးအရွယ်(၆.၉၃%)၊ မူလတန်းကျောင်းသား အရွယ်(၈.၅၉%)၊ အလယ်တန်းကျောင်းသားအရွယ် (၇.၂၈%)၊ သက်ကြီးရွယ်အိုအရွယ် (၆.၂၃%) ရှိပါသည်။ (၁၅)နှစ်မှ(၆၄)နှစ်အထိ လူဦးရေမှာ အများဆုံးဖြစ်ပြီး သူတို့သည် အလုပ်လုပ် ကိုင်နိုင်သူများ ဖြစ်ကြသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၀%) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၈၄၄) ဦး၊ မ (၉၅၀) ဦး စုစုပေါင်း (၁၇၉၄) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၆၉%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆.၁)ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုနေပါသည်။သို့သော်လည်း ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| နိုက်ပျိုးစိုက်ပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၅ | ၁၇၇ | ၃၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၄ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | ၅ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၄ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလုပ်ပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၂ | ၈၀ | ၁၈ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၄ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၃ | ၁၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၈၁ | ၃၇၈ | ၂၇၀ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | စုစုပေါင်း | | | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ တောင်မင်းပြောင်ကျေးရွာတွင် စိုက်ပျိုးလုပ်ငန်းအား အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပြီး စပါးနှင့် ရာသီသီးနှံ စိုက်ပျိုးမှု ပိုများပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအား အဓိကအလုပ်အကိုင်အဖြစ် လုပ်ကိုင်သော အိမ်ထောင်စု(၁၃၅)စုရှိကာ တွဲဖက် လုပ်ကိုင်သူ(၃၅)ဦးရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် ထုတ်ကုန်လုပ်ငန်း(ခမောက်ထုတ်ငန်း)၊ ပရိဘောဂလုပ်ငန်း၊ အလှူမီနီယမ်လုပ်ငန်း၊ ပညာရေးဝန်ထမ်း၊ အရောင်းအဝယ်လုပ်ငန်း(ဆီဆိုင်၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ခေါင်းရွက်ဗျက် ထိုးရောင်းသူ)တို့အား လုပ်ကိုင်ကြပါသည်။ ၎င်းအပြင် ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သမား၊ ဆံပင်ညှပ်ဆိုင် နှင့် အင်ဂျင်နီယာများလည်းရှိပါသည်။ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ထားဝယ်မြို့ သာမကထိုင်း(ထီးခီး)မြို့သို့ ပို့ဆောင်ရာတွင်လည်း အသုံးပြုပါသည်။ ထူးခြားမှုအနေဖြင့် တစ်ရွာလုံးနီးပါး ကောက်ညှင်းကျည်တောက်ပြုလုပ်ကြပြီး ဘုရားပွဲတော်များတွင် ရောင်းချလေ့ရှိကြပါသည်။ တောင်မင်းပြောင်ကျေးရွာဟု ဆိုသည်နှင့် ကောက်ညှင်းကျည်တောက်နှင့် တွဲကာမြင်တတ် ကြပါသည်။ ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများသာ ဝင်ငွေရပ်တည်နိုင်မှု အသင့်အတင့်ရှိပြီး အခြားဝင်ငွေရလုပ်ငန်း (သို့မဟုတ်) ငှါးရမ်းလုပ်ကိုင်သူများမှာ ဝင်ငွေရပ်တည်နိုင်မှု နိမ့်ပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | | ၅၀၀၀ | | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |



CamScanner

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၇၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | | ၃၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၅၀၀၀ | | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၁၀၀၀၀ | | ၇၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး အမျိုးသမီးများသာ လုပ်ကိုင်ကြကာ တစ်နေ့လျှင် အနည်းအများ ခွဲခြားခြင်းမရှိဘဲ (၅၀၀၀)ကျပ် ရရှိပါသည်။ အမျိုးသားများသည် ကောက်စိုက်ပျိုးနှုတ်ရာတွင် အကွက်ဖြတ်သာ နှုတ်ကြပြီး နေ့စား လုပ်ကိုင်သူများ မရှိပါ။ ထို့အပြင် ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၅၀၀၀) ကျပ်မှ အနည်းဆုံး (၇၀၀၀) အထိ ရရှိပါသည်။ လက်လီလက်ကား ရောင်းဝယ်မှုများမှာ အများဆုံး (၅၀၀၀)မှ အနည်းဆုံး (၃၀၀၀)အထိ ရရှိပါသည်။ ကျွမ်းကျင် ပညာရှင်များအနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၀၀၀၀)မှ အနည်းဆုံး (၇၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွဲလင်းရာသီများ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှု နည်းပါသည်။ ယာဉ်၊ စက်ကိရိယာပြင်ဆင်သူများမှာ ဝင်ငွေ ပုံမှန်မရရှိပါ။

(ဂ) **သဘာဝရင်းမြစ်များ**

(ဂ-၁) **စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၅၈၈.၅၂ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၇.၁ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၁၀.၅၉ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | – | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ခနိတောမြေ | ၁.၅ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၁ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၅.၁၅ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၈၄၃.၈၆ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေဧကမှာ (၈၄၃.၈၆) ဧကရှိပါသည်။ လယ်မြေမှာ (၅၈၈.၅၂) ဧကရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဥယျာဉ်ခြံမြေ(၂၁၀.၅၉)ရှိပြီး ရာသီ စိုက်ပျိုးမှု ပိုများပါသည်။ ကျေးရွာတွင် စပါးစိုက်ဧကမှာ များပြားသဖြင့် သီးနှံများ အား ဝမ်းစာဖူလုံမှုအပြင် ရောင်းချခြင်းလည်း ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာတွင် စိုက်ပျိုးမြေဧကများပြားသဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူများ အခွင့်အလမ်းများစွာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (ရွာစားဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ် များ မတွေ့ရှိပါ။ သို့သော်လည်း ကျောက်၊ သဲ၊ကျောက်စရစ်များကို ကျေးရွာတွင် မတွေ့ရှိသော်လည်း အနီးအနားကျေးရွာများတွင် ဝယ်ယူနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၄၀ | ၁၄၇ | ၁၅၀ | ၉၀ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာ၏ ဥစ္စာဓနအခြေအနေအား အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု၊ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုဟူ၍ (၄)ပိုင်း သတ်မှတ်ထားပါသည်။ အဆင်ပြေသော အိမ်ထောင်စုများ၏ အိမ်အခြေအနေမှာ နှစ်ထပ်အိမ်၊ သွပ်မိုး၊ အုတ်ကာ များဖြစ် ကြပါသည်။ ကုန်ထုတ်လုပ်မှုဆိုင်သော ပိုင်ဆိုင်မှုများအနေဖြင့် ခြွေလှိမ့်စက်၊ ထွန်စက်၊ ကား၊ ထော်လာဂျီနှင့် ဆိုင်ကယ် ပိုင်ဆိုင်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးရေး၊ အရောင်းအဝယ်နှင့် သယ်ယူပို့ဆောင်ရေးကို လုပ်ကိုင် ကြ ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၃၄%)ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ကိုင်သောတောင်သူများဖြစ်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန် မပြေလည်သော အိမ်ထောင်စုများမှာ (၂၄၀)အိမ် ထောင်စုရှိပြီး ကျေးရွာ၏(၅၆%)ခန့်ရှိနေပါသည်။ ထိုသူများသည် အများအားဖြင့် ကျဘန်း အလုပ်သမားများ ဖြစ်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၇၀ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၂၀___<br>လုပ်အားကြိုယူ = ___၅၀___ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |

ရင်းမြစ်.ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စု(၁၅၀)နှင့် အလွန် မပြေလည်သောအိမ်ထောင်စု(၉၀)ရှိပြီး ချေးယူ၍ ဖြေရှင်းကြပါသည်။ စုစုပေါင်း(၂၄၀) အိမ်ထောင်စု၏ (၃၀)ရာခိုင်နှုန်းကို စစ်တမ်းကောက်ယူမှုအရ ချေးယူခြင်း၊ လုပ်အားခ ကြိုယူခြင်း များဖြင့် မိသားစုစားဝတ်နေရေးဖြင့် ဖြေရှင်းကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၅ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၅ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မရှိပါ။ ထို့အပြင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၂၀)စုနှင့် မုဆိုးဖို အိမ်ထောင်စု(၁၅)စုရှိပြီး လယ်လုပ်ခြင်း၊ ကျပန်းလုပ်ကိုင်ခြင်းတို့ဖြစ်သာ သက်မွေးရပါသည်။ ကျေးရွာတွင် အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စုများမှာ (၅)စုရှိပြီး ထိုင်းနိုင်ငံသို့သွားရောက်ကာ ကျေးရွာသို့ မပြန်လာသည်မှာ (၅)နှစ်ခန့်ရှိပြီဖြစ်ပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၇ | လျှော် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၈ | ဆေးလမ်းခေါင်းသီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောင်မင်းပြောင်ကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှု၊ ကူးစက်ရောဂါကျရောက်မှု၊ လျှော်၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်း၊ ဆားငန်ရေဝင်ရောက်မှု၊ မြေပြိုမှုနှင့် မြေဆီလွှာ ပျက်စီးမှုတို့ မရှိပါ။ သို့သော် စိုက်ပျိုးရေ မလုံလောက်မှု၊ ငှက်ဖျားရောဂါ ၊ တီဘီရောဂါနှင့် ကိုယ်ခံအား ကျဆင်းမှုရောဂါတို့မှာ အနည်းငယ်ဖြစ်ပွားတတ်ပြီး ထိခိုက်လွယ်မှုနိမ့်ပါသည်။ ယခုအချိန်တွင် ရာဘာတောများခုတ်ထွင်မှုများ ရှိလာသဖြင့် သစ်တောပြုန်းတီးမှုများ အနည်းငယ်ရှိလာပါသည်။ ထို့အပြင် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ဝက်နာကျခြင်းများရှိတတ်သဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ချောမွေ့သဖြင့် အခက်အခဲ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်အညီ** သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာရှိ လက်ရှိကျောင်းတက်နေသော ကျောင်းသားဦးရေမှာ မူလတန်း ကျား(၁၃၇)နှင့်မ(၁၀)၂၊ အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသူမှာ ကျား(၄၃)နှင့် မ(၅၈)ဦး၊ အထက်တန်းအဆင့်မှာ ကျား(၃၁)နှင့် မ(၄၂)ဦးရှိပါသည်။ ထို့အပြင် တက္ကသိုလ်တက်နေသူ ဦးရေမှာ ကျား(၁၆)ဦးနှင့် မ(၂၇)ဦး ရှိပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်း ကျောင်း တက်နှုန်းမှာ အများဆုံးဖြစ်ပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော လူဦးရေမှာ (၄၅၆)ဦးရှိပြီး အမျိုးသမီးဦးရေက ပိုများပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☑<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း: ☐<br>အထက်တန်း:(ခွဲ) ☐<br>အထက်တန်း: ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း: ☐<br>အထက်တန်း:(ခွဲ) ☐<br>အထက်တန်း: ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း:(ခွဲ) ☐<br>အလယ်တန်း: ☐<br>အထက်တန်း:(ခွဲ) ☐<br>အထက်တန်း: ☐ |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၅၄၀၀' | | |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဇ။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၁၃ | ၁၄ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်း(လွန်)ကျောင်းအဆင့်သာ ရှိပြီး (၆၀'×၃၀'×၁၂') နှင့် (၁၂၀'×၃၀'×၁၂') (၂)ဆောင် ရှိပါသည်။ ကျောင်းသည် ကျေးရွာ၏ အလယ်တွင်ရှိပြီး အများအားဖြင့် ခြေလျင်၊ စက်ဘီးများ အဖြစ်သာ သွားလာနေကြပါသည်။ အချို့မှာ ကျောင်းသား မိဘများမှ ဆိုင်ကယ်ဖြင့် ပို့သူများလည်းရှိပါသည်။ မူလွန်ကျောင်းတွင် ကျောင်းသား (၁၉၆)ဦးနှင့် ကျောင်းသူ (၁၆၅)စုစုပေါင်း(၃၆၁)ဦးပါသည်။ ၎င်းအပြင် ကျောင်းသား ဦးရေ များပြားလာသဖြင့် စာရေးခုံ(၅၀)စုံဖြည့်ဆည်းရန် လိုအပ်နေပြီး ကျောင်းအဆောက်အဦလည်း မလုံလောက်ပါ။ ကျောင်းတွင် (၂)ခန်းတွဲအိမ်သာ(၅)လုံးရှိပြီး သန့်ရှင်းမှုလည်းရှိပါသည်။ ကျောင်းခြံစည်းရိုးမှာ အရှေ့မျက်နှာတစ်ဖက်သာရှိပြီး (၂၁၀')ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းတွင် လက်တူးတွင်း ရှိပြီး ရေပိုက်ဖြင့်သွယ်တန်းကာ (၂၀၀၀)လီတာ ပုံးဖြင့် သုံးစွဲသဖြင့် အဆင်ပြေမှုရှိပါသည်။ အာဟာရ တိုက်ကျွေးမှုမှာ ကျောင်းသားများ မွေးနေ့ပြုလုပ်ရာတွင်လည်းကောင်း၊ တစ်ခါတစ်ရံ ကျေးရွာ အလှူရှင်များမှလည်းကောင်း တိုက်ကျွေးမှုရှိပါသည်။ လိုအပ်နေပါသည်။ အလယ်တန်းနှင့် အထက် တန်းပညာရေးကို (၂)မိုင်ခန့်ကွာဝေးသော မြို့ဟောင်းကျေးရွာတွင်လည်းကောင်း၊ (၄)မိုင်ခန့် ကွာဝေးသော ကမြောကင်းကျေးရွာတွင်းလည်းကောင်း တက်ရောက်ကြပြီး ငွေကြေးအသင့်အတင့် ပြည့်စုံသူများမှာ ထားဝယ်မြို့ရှိ ဘော်ဒါအဆောင်များတွင် တက်ရောက်ကြပါသည်။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☑ မလုံလောက် ☐ |
| တပည့် - ဆရာ အချိုး | ၄၀ : ၁ အောက် ☐ ၄၀ : ၁ အထက် ☑ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☑ နည်း ☐ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☑ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် | | | | | |
|---|---|---|---|---|---|---|
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် | ☑ | မလုံလောက် | ☐ | | |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် | ☐ | အသင့်အတင့် | ☑ | | |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ | ☐ | နည်း | ☑ | | |
| မိဘဆရာအသင်း၏ အခန်းကဏ္ဍ | ကောင်း | ☑ | သင့် | ☐ | ညံ့ | ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ တောင်မင်းပြောင်ကျေးရွာရှိ ပညာရေးအခက်အခဲများအနေဖြင့် တပည့်-ဆရာ အချိုးမှာ ၂၆း ၁ ခန့်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ ထို့အပြင် မသန်စွမ်းသူများအား ပညာရေး အထူး စီအစဉ်ဖြင့် စီမံထားခြင်းမျိုးမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလည်း လုံလောက်မှု ရှိသည့်အပြင် ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်ထောက်ပံ့မှုလည်း အသင့်အတင့်ရှိပါသည်။ ကျောင်းတွင် အားကစားကွင်းမှာ သီးသန့်မရှိဘဲ ကျောင်းမျက်နှာပြင် အရှေ့တွင်သာ ကစားရပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများမှာ မရှိသလောက် နည်းပါးပါသည်။ မိဘ ဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း ပူးပေါင်းမှုအား ကောင်းပါသည်။

## (ဓ) ကျန်းမာရေးနှင့် အာဟာရ

### (ဓ-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☑ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။တောင်မင်းပြောင်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီ ၊ နှလုံးရောဂါ၊ ဆီးချို၊ သွေးတိုး နှင့် အခြားကူးစက် နိုင်သော ရောဂါများမှာ အနည်းငယ် ဖြစ်ပွားကြပါသည်။ အာဟာရ ချို့တဲ့မှုများမှာ မရှိသလောက်နည်းပါးပါသည်။



CS CamScanner

(၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား နှပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✓ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ✓ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာတွင် ကာကွယ်ဆေးထိုးမှုမှာ အသည်းရောင်အသားဝါဆေး ၊ ပိုလီယိုကာကွယ်ဆေး၊ ကိုယ်ဝန်ဆောင်မိခင်များအား ဆေးခိုင်ကာကွယ်ဆေးနှင့် ဝက်သက်ကာကွယ်ဆေးတို့ကို တစ်ခါတစ်ရံ ထိုးနှံမှုများ ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆရာမ မလုံလောက်သဖြင့် အာဟာရ မှတ်တမ်းယူမှုနှင့် ပညာပေးအစီအစဉ်များ ဆောင်ရွက်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုများ ပြည့်စုံစွာရရှိနိုင်ရေးအတွက် ကျန်းမာရေးဆရာမ ဖြည့်ဆည်းရန် လိုအပ်နေပါသည်။

(၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |



CS CamScanner

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐ |
| | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☑ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဆရာမ(၁)ဦးရှိပြီး ဖျားနာခြင်း၊ ကာကွယ်ဆေး တိုက်ကျွေးခြင်း တို့ကိုသာ ဝန်ဆောင်မှု ရရှိပါသည်။ ထို့အပြင် အနီးအနားကျေးရွာဖြစ်သော ခမောင်းတောင်ကျေးရွာတွင်လည်း ကျန်းမာရေး ဌာနခွဲရှိပြီး ကျေးရွာမှ (၁/၂)ခန့်ကွာဝေးပါသည်။ လောင်းလုံးမြို့နယ်ဆေးရုံမှာ ကျေးရွာမှ (၁၆)မိုင်ခန့် ကွာဝေးသဖြင့် ထားဝယ်မြို့သွားပါက(၆/၇)မိုင်သာ ကွာဝေးသဖြင့် ထားဝယ်မြို့ပြည်သူ့ဆေးရုံ ကြီး(သို့) ပုဂ္ဂလိကဆေးရုံများသို့ သွားလာမှုက ပိုများပါသည်။

## (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၂၇၁ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/စက်တပ် | ၁၀ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/တုံကင် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |



CamScanner

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေကန် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်သုံးရေ ရရှိမှုအနေဖြင့် အဓိကအားဖြင့် လက်တူးတွင်းကို အသုံးပြုကြပါသည်။ တစ်ရွာလုံးအနေဖြင့် လက်တူးတွင်း(၂၇၁)တွင်းရှိပြီး လက်တူးတွင်း မရှိသော အိမ်ထောင်စုမှာ (၁၄၅)စုရှိပါသည်။ လက်တူးတွင်း မရှိသော အိမ်ထောင်စုများသည် တောင်ကုန်းပေါ်တွင်ရှိသဖြင့် လက်တူးတွင်းတူးဖော်ရန် ခက်ခဲပါသည်။ ထို့ကြောင့် မြေနိမ့်အပိုင်းရှိ အိမ်ထောင်စုများ၏ လက်တူးတွင်းများမှ ရေမြပ်ပန့်တပ်ဆင်ကာ ရေပိုက်ဖြင့် သွယ်တန်းထားကြပါသည်။ အဆိုပါ ရေတပ်ဆင်ခြင်းများအတွက် အခကြေးငွေများ မပေးဆောင်ရသဖြင့် အဆင်ပြေမှုရှိပါသည်။ ကျေးရွာရှိ လက်တူးတွင်းများသည် ရာသီမရွေးအသုံးပြုနိုင်သဖြင့် ကျေးရွာသူ/သားများသည် သောက်သုံးရေများအား လုံလောက်စွာ အသုံးပြုနိုင်ပါသည်။ ထို့အပြင် အဝီစိတွင်း (၁၀)တွင်းမှာလည်း ရာသီမရွေး အသုံးပြုနိုင်ပါသည်။

(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| ရေဆွဲ အိမ်သာ | ၇ |
| ရေလောင်း/ယင်လုံအိမ်သာ | ၃၅၅ |
| မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| တွင်း/ဇလားအိမ်သာ | ၁၂ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၃၁ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာတွင် အိမ်ထောင်စု(၄၂၇)ရှိသည့်အနက်

(၃၆၂)အိမ်ထောင်စုသာ သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြပြီး မသန့်ရှင်းသောအိမ်သာ သုံးစွဲသူ အိမ်ထောင်စု(၄၃)စုရှိပါသည်။ ထို့အပြင် အိမ်သာမရှိသော အိမ်ထောင်စု (၂၂)စုရှိပြီးဆွေမျိုး၊ မိဘ အိမ်များတွင် မျှတသုံးစွဲကြပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု အများစုမှာ ငွေကြေး မတတ်နိုင်ခြင်း၊ မြေနေရာ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဌာန၊ ဝေါ်ဗီရှင် ကဲ့သို့သော NGO, INGO အဖွဲ့များနှင့် ချိတ်ဆက်ပြီး သန့်ရှင်းသော အိမ်သာများ အိမ်သာများ ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။

(ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ ဦးဆောင်ရည်မြင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☐ | မရှိ ☑ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ ☐ | မရှိ ☑ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောင်မင်းပြောင်ကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု အပိုင်းတွင် ပါဝင်မှုနည်းကြပါသည်။ ထို့အပြင်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်လည်း အမျိုးသမီးများ ပါဝင်မှုနည်းကြသော်လည်း အလှူကိစ္စများ၊ ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာ၌ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ အများအားဖြင့် အချို့အမျိုးသမီးများက သိသလို၊ အချို့အမျိုးသမီးများလည်း မသိသေးပါ။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။



CamScanner

## (၅) အခြေခံ အဆောက်အဦများ အခြေအနေ

### (၅-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☑ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☑ | မိုးလင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချိုင်းကပ်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐ | မိုးလင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅☑ | ကောင်း☑ သင့် ☐ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☑ | မိုးလင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရွာတွင်းလမ်း(၅)လမ်းရှိပြီး မြေသားလမ်း(၄)လမ်းရှိပြီး (၂/၀)မိုင်ခန့်ရှိပါသည်။ အဆိုပါလမ်းများသည် လမ်းကျဉ်းမြောင်းပြီး မိုးရာသီတွင် ရွှံ့ဗွက်များ ထသဖြင့် အဆိုပါလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ခမောင်းတောင် - တောင်မင်းပြောင် - မြို့ဟောင်းကျေးရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး (၃/၀)မိုင်ခန့်ကွာဝေးပါသည်။

### (၅-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐ သင့် ☐ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☐ | မိုးလင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၂၄'×၁၂'×၅' | ကောင်း ☑ သင့် ☐ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☑ | မိုးလင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☑ |



CamScanner

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွှင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွှင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွှင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြန့် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွှင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွှင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာတွင် ကွန်ကရစ်တံတား(၂)စင်းရှိပြီး ဆောက်လုပ် ထားသည်မှာ (၆)နှစ်ခန့်သာ ရှိသေးသဖြင့် အရည်အသွေးကောင်းမွန်ပါသည်။

### (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | မွှင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | မွှင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးအား အသုံးမပြုပါ။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၂ | ၂၆၅ | ၅၀၉ | ၂၀ | ၂၀ | ၂၄ | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။တောင်မင်းပြောင်ကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ ကျေးရွာကျောင်းသို့ သွားလာရာ တွင် လည်းကောင်း၊ အ.ထ.ကခွဲ(မြို့ဟောင်း)(သို့) အ.ထ.က(ကမြောကင်း) ကျောင်းသို့သွားလာရာတွင်လည်းကောင်း အသုံးပြုကြပြီး တစ်ခါတစ်ရံ ဈေးသို့သွားရာတွင်လည်း အသုံးပြုကြပါသည်။ မော်တော်ဆိုင်ကယ်မှာ သာရေး/နာရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး ကဲ့သို့သော ကိစ္စတိုင်းလိုလို အသုံးပြုကြပြီး အိမ်တိုင်း နီးပါးရှိပါသည်။ သုံးဘီးဆိုင်ကယ်(၂၀)စီး နှင့်ကား (၂၄) စီးမှာ ရွာ၏ သယ်ယူပို့ဆောင်ရေးကို အဓိကထား ဆောင်ရွက်ပါသည်။ ၎င်းအပြင် ကားကို ထိုင်းနိုင်ငံသို့ ထီးခီး လမ်းမှ သွားရာ၌ အသုံးပြုပြီး ထိုနိုင်ငံတွင် အလုပ်လုပ်နေကြသော လုပ်သားများ ကျေးရွာသို့ အသွားအပြန်လုပ်ရန် အဆင်ပြေပါသည်။ ထို့အပြင် ထော်လာဂျီ(၂၀)စီးမှာ ကျောက်၊ သဲများ နှင့် ကျေးရွာမှထွက်ရှိသော ကုန်ပစ္စည်း များကို သယ်ယူရာ၌ အသုံးပြုကြပါသည်။

## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၃၈၉ | ကောင်း☑ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☑ |
| ဆိုလာစနစ် | ၄ | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☑ |
| အသေးစားရေအားလျှပ်စစ် | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၁ | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☑ |
| လေစွမ်းအင် | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| အမိုးအမည့်ဖွဲ့စည်း ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၃၁ | ☒ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာဓာတ်အား လိုင်း ရရှိနေပြီဖြစ်ပါသည်။ သို့သော် သုံးစွဲသောအိမ်ထောင်စုမှာ (၃၈၉)စုသာ ဒီဇယ်အင်ဂျင် သုံးစွဲသောအိမ်ထောင်စုမှာ (၃၁)စုရှိနေပါသည်။ ကျေးရွာတစ်ရွာလုံးခြုံငုံကြည့်ပါက မဟာဓာတ်အား လိုင်းသုံးစွဲသော အိမ်ထောင်စုမှာ ကျေးရွာ၏ (၉၁%)ရှိပြီဖြစ်ပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ဖယောင်းတိုင် မီးကို အသုံးပြုကြကြပါသည်။ ထို့ကြောင့်

အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်း များစွာ ရှိပါသည်။

### (ဍ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၆၅၇ | ၄၂ | ၃၂၂ | ၃၀၀ |

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ တောင်မင်းပြောင်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၆၅၇) လုံး ရှိပြီး MPT, Telenor, Mytel, Oredoo စသည်ဖြင့် ဆက်သွာရေးလိုင်းအစုံရရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းလည်း ကောင်းမွန်ပါသည်။ ထို့အပြင် ရေဒီယို(၄၂)လုံးမှာ မနက်စောစော တရားနာခြင်း၊ မိုးလေဝသ သတင်းအချက်အလက်များ၊ စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာအချက်အလက်များ သတင်းအချက်အလက်နှင့် နည်းပညာများကို နားဆင့်လေ့ရှိပါသည်။ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်ဆက်သွယ်ရေးလိုင်းကောင်းမွန်ခြင်း၊ထားဝယ်မြို့နှင့် (၆)မိုင်ခန့်သာကွာဝေးသဖြင့် သတင်းစာများကို ရရှိရန် လွယ်ကူခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများသည် အသိပညာများ ရရှိရန်အတွက် အခွင့်အလမ်းများစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဎ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☐ မရှိ☑ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း:☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း:☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း:☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း:☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☑ နည်း ☐ များ:☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့်နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိလူငယ်များ အပန်းဖြေနားယူရန် နေရာဟူ၍ သီးသန့်မရှိပါ။ တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လတွင် ပါဠွာန်းရွတ်ဆိုပွဲ၊ ကထိန်ပွဲ၊ နတ်ပွဲ စသည့် ဘာသာရေးပွဲတော်များသာရှိပါသည်။ ထိုပွဲတော်များတွင် လူငယ် ပါဝင်မှုရှိပြီး ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ခြင်းတွင် ပါဝင်မှုနည်းကြပါသည်။ သို့သော်လည်း လူမှုရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

တွင် ပါဝင်မှုအားကောင်းကြပါသည်။ ထို့အပြင် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် အားကစားကွင်းရှိပြီး ကျေးရွာနေ လူငယ်များသည် အားကစားစိတ်ဓာတ်မြင့်မား ကြပါသည်။

(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ တောင်မင်းပြောင်ကျေးရွာတွင် တယ်လီဖုန်းတာဝါတိုင်ရှိပြီး ခိုင်ခန့်မှုလည်း ရှိပါသည်။ သို့သော် အာမခံလုပ်ငန်း ဝန်ဆောင်မှာ မရှိပါ။ သဘာဝဘေးအန္တရာယ် လျှော့ချရေး မှာ ဖြစ်လေ့ဖြစ်ထမရှိသဖြင့် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ မှုခင်းကာကွယ်တားဆီးရေး အတွက် ရဲလက်ဆိုင်ရာများမှ သီးသန့်ဝန်ဆောင်မှု မရရှိသော်လည်း မြို့နှင့်နီး သဖြင့် အဆင်ပြေမှု ရှိပါသည်။

(ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | | ခိုးမှု | | မူးယစ်ဆေးသုံးစွဲမှု | | အကြမ်းဖက်မှု | |
|---|---|---|---|---|---|---|---|---|
| မှုခင်းဖြစ်ပွားမှု အခြေအနေ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ |
| | သာမန် | ☐ | သာမန် | ☐ | သာမန် | ☑ | သာမန် | ☐ |
| | မရှိ | ☑ | မရှိ | ☑ | မရှိ | ☐ | မရှိ | ☑ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုများအနေဖြင့် လူကုန်ကူးမှု၊ ခိုးမှုနှင့် အကြမ်းဖက်မှုမှာ မရှိသလောက်နည်းပါးပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းမှာ အနည်းငယ်ရှိပြီး စိုးရိမ်ရသော အခြေအနေမရှိပါ။ ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ်ရှိသောကြောင့် မူးယစ်ဆေးဝါး ကင်းစင်ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

နောက်ဆက်တွဲ (၃)

ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား(တောင်မင်းပြောင်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ကဏ္ဍ- အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | | | | | |
| ၁ | • ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းနည်းခြင်း | • မိသားစုစားဝတ်နေရေး အတွက် အချိန်ပေးနေရခြင်း<br>• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း | • ကျေးရွာတွင် ပရဟိတ လုပ်ကိုင်လိုသူများရှိခြင်း | • ဦးဆောင်မည့်သူ မရှိခြင်း | • ကျေးရွာနေ ဖွံ့ဖြိုးရေး လုပ်ငန်းလုပ်ကိုင်လိုသူများမှ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် ဆောင်ရွက်ခြင်း | • ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း |
| ၂ | ကဏ္ဍ- စိုက်ပျိုးရေး | | | | | |
| ၂ | • သီးနှံအထွက်နှုန်းနည်းခြင်း<br>• ပိုးမွှားများ ကျရောက် ခြင်း<br>• ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်း | • သီးနှံတစ်မျိုးတည်း နှစ်စဉ် စိုက်ပျိုးခြင်း<br>• ပိုးမွှားရောဂါကျရောက်မှုအား ထိန်းချုပ်ရန် အသိပညာ နည်းပါးခြင်း | • နှစ်ရှည်သီးနှံများစိုက်ပျိုးရန် ဥယျာဉ်ခြံများရှိ ခြင်း<br>• စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင့် အတင့် ရှိခြင်း | • စိုက်ပျိုးရေးဦးစီး ဌာန နှင့်ချိတ်ဆက်မှု အား နည်းခြင်း | • စိုက်ပျိုးရေးဦးစီးဌာန နှင့် ချိတ်ဆက်ပြီး နည်းပညာသင်တန်းများ ရရှိရန် ဆောင်ရွက်ခြင်း | • စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများဖွင့်လှစ်ခြင်း |
| ၃ | • သီးနှံအလေ့လွင့်ပျက်စီးမှုများရှိခြင်း<br>• ဈေးကောင်းမရခြင်း<br>• သီးနှံအရည်အသွေး မကောင်းခြင်း | • လယ်ယာသုံးစက်ကိရိယာ မလုံလောက်ခြင်း | • စက်ကိရိယာများငှါးရမ်း အသုံးပြုနိုင်ခြင်း | • စက်မှုလယ်ယာ ဦးစီးဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • စက်မှုလယ်ယာဦးစီး ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | • လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် ဆောင်ရွက်ခြင်း |
| ၃ | ကဏ္ဍ- ပညာရေး | | | | | |
| ၄ | • ကျောင်းသားများ စာရေးခုံမလုံလောက်ခြင်း | • ကျောင်းသားဦးရေ များလာခြင်း<br>• စာရေးခုံများ ကျိုးပဲ့နေခြင်း | • ကျောင်းသားမိဘများမှ ငွေကြေးအနည်း ငယ် ပါဝင်နိုင်ခြင်း | | • ပုဂ္ဂလိကအလှူရှင်များနှင့်ချိတ်ဆက်ခြင်း | • စာရေးခုံ(၅၀)စုံဖြည့်ဆည်းခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | • ကျောင်းအဆောက်အဦ မလုံလောက်ခြင်း<br>• ပညာသင်ကြားရာတွင် ဆူညံမှုများဖြစ်ခြင်း | • ကျောင်းသားဦးရေများလာခြင်း | • ကျောင်းကော်မတီအဖွဲ့ ပူးပေါင်းမှုအားကောင်းခြင်း | • မြေနေရာအရှုပ် အရှင်းရှိခြင်း | • အ.မ.က(မူလွန်) ကျောင်းဆောင် အသစ်ဆောက်လုပ်ရန် ကျောင်းကော်မတီအဖွဲ့မှ ညှိနှိုင်းခြင်း | • အ.မ.က(မူလွန်)ကျောင်းဆောင် အသစ်ဆောက်လုပ်ခြင်း |
| ၆ | • ကလေးများယာဉ်၊ တိရစ္ဆာန်အန္တရာယ် စိုးရိမ်ရခြင်း<br>• ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်ခြင်း | • ကျောင်းခြံစည်းရိုးပျက်စီးနေခြင်း | • ကျောင်းကော်မတီ ပူးပေါင်းမှုအားကောင်းခြင်း | • အရှေ့မျက်နှာ(၁) ဘက်ရှိခြင်း | • လွှတ်တော်ကိုယ်စားလှယ်တွင် တောင်းခံခြင်း<br>• ပညာရေးဌာနသို့တင်ပြခြင်း | • ကျောင်းခြံစည်းရိုး ကာရံခြင်း (၂၁၀'×၅') |
| ၄ | ကဏ္ဍ- ကျန်းမာရေး | | | | | |
| ၇ | • ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားမှု အနည်းငယ်ရှိခြင်း | • ယင်လုံအိမ်သာ မသုံးစွဲသော အိမ်ထောင်စုများရှိခြင်း | • အိမ်သာဆောက်လုပ်ရန် မြေနေရာရှိခြင်း | • အိမ်သာဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်ခြင်း | • အိမ်သာများဆောက်လုပ်ရန် အသိပညာပေးခြင်း၊<br>• အလှူရှင်များ ရှာဖွေခြင်း | • အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲလာစေရန် အသိပညာပေးခြင်း |
| ၈ | • ကျန်းမာရေးဝန်ဆောင်မှု အားအချိန်မီရရှိရန် ခက်ခဲခြင်း | • ကျန်းမာရေးဝန်ထမ်းအင်အားအားနည်းခြင်း | • ကျေးရွာတွင် ကျန်းမာရေးအဖွဲ့ရှိခြင်း | • ချိတ်ဆက်မှု အားနည်းခြင်း | • ကျန်းမာရေးဝန်ထမ်း ဖြည့်ဆည်းနိုင်ရေး ညှိနှိုင်းခြင်း | • ကျန်းမာရေးဆရာမ လိုအပ်ခြင်း |
| ၉ | • ကာကွယ်ဆေးထိုးနှံခြင်း၊ အာဟာရမှတ်တမ်းယူခြင်းတို့အား အပြည့်မရရှိခြင်း | • ကျေးရွာတွင်ကျန်းမာရေးဌာနခွဲမရှိခြင်း | • ကျေးရွာတွင် ကျန်းမာရေးစုရပ်ခြင်း<br>• ကျေးရွာမှ (၂/၀)ခန့်ကွာဝေးသော ကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိခြင်း<br>• မြေနေရာရှိခြင်း | • | • ကျန်းမာရေးဌာနတွင် ကျန်းမာရေးဌာနခွဲ ရရှိနိုင်ရေးတင်ပြခြင်း | • ကျန်းမာရေးဌာနခွဲလျှောက်ထားခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | ကဏ္ဍ - လမ်း၊ တံတား၊ လျှပ်စစ်မီး အခြေခံ အဆောက်အဦ | | | | | |
| ၁၀ | • သွားလာရန်ခက်ခဲခြင်း<br>• နီးရာသီတွင်ရွှံ့ဆိုင်ဖြစ်ခြင်း<br>• လမ်းရေကျော်ခြင်း | • ကျေးရွာတွင်းလမ်းများ မြေသားလမ်းများဖြစ်ခြင်း<br>• ရေမြောင်းများတိမ်ခြင်း မရှိခြင်း | • ကျေးလက်လမ်းဦးစီး ဌာနသို့တင်ပြထားခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးလက်လမ်းဦးစီး ဌာနနှင့် ချိတ်ဆက်ခြင်း | • ရွာတွင်းလမ်း(၄)လမ်းမြေသား လမ်းတိုးချဲ့ခြင်း(၂/၀)မိုင်<br>• ရွာတွင်းလမ်း(၄)လမ်းမြေသား လမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း(၂/၀)မိုင်<br>• |
| ၆ | ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု | | | | | |
| ၁၁ | • အမျိုးသမီးများ အခွင့်အလမ်းများဆိုင်ရာ သိရှိမှု အားနည်းခြင်း။ | • အမျိုးသမီးများမှ တရားဥပဒေ ဆိုင်ရာ အသိပညာ လေ့လာမှု အားနည်းခြင်း။ | • စိတ်ပါဝင်စားမှုရှိခြင်း | • အမျိုးသမီးများ အိမ်မှုကိစ္စဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်နေခြင်း | • အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော ပွဲများ ဆောင်ရွက်ပေးခြင်း။ | • အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာ ပေး ဟောပြောပွဲများ စီစဉ်ခြင်း။<br>• အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း |
| ၁၂ | • မိသားစုများစိတ်ဆင်းရဲရခြင်း | • လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုများ ရှိနေခြင်း | • လူငယ်များအား အသိပညာပေးပါကလိုက်နာဆောင်ရွက်ရန်အခြေအနေရှိခြင်း | | • ကျေးရွာရပ်မိရပ်ဖများနှင့် ဆွေးနွေး၍ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်အသိပညာပေးမှုများ ဆောင်ရွက်ခြင်း | • မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ |
| ၁၃ | • အလုပ်အကိုင် အခွင့်အလမ်းများပါးခြင်း | • စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းနည်းပါးခြင်း၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု အားနည်းခြင်း | • အတတ်ပညာများသင်ယူရန်လူငယ်များ ရှိ ခြင်း | • ချိတ်ဆက်မှုအားနည်း ခြင်း | • ကျေးလက်ဦးစီးဌာန<br>• နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းပညာ ပေးသင်တန်းများ လိုအပ်ခြင်း |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၁)**

ကျေးရွာ - တောင်မင်းပြောင်
ကျေးရွာအုပ်စု - တောင်မင်းပြောင်
မြို့နယ် - လောင်းလုံး
တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ

**စီမံချက်အမည်** - မြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း (၁၀၄၈၀'×၃၀'×၆")

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာတွင်းလမ်းသည် (၂၀၀)ပေ ရှိပါသည်။ ယခုလက်ရှိ လမ်းအကျယ်မှာ (၁၄)ပေ၊ ရေမြောင်းမှာ အချို့နေရာတွင် (၁)ပေခန့် သာရှိပြီး အချို့နေရာများတွင် မရှိပါ။
- လမ်းမြေအမျိုးအစားမှာ သဲမြေအမျိုးအစားဖြစ်ပြီး မိုးရာသီတွင် ရေမြောင်းတိမ်သောကြောင့် ချိုင့်ခွက်များဖြစ်ပြီး လမ်းပေါ်ရေကျော်မှုများလည်း ဖြစ်ပါသည်။
- ထိုလမ်းမှ ကျေးရွာထွက် သဘာဝသယံဇာတများအား သယ်ယူရာတွင်လည်း လမ်းကျဉ်းမြောင်းသဖြင့် ယာဉ်များလွှဲရန် ခက်ခဲပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာတွင်းလမ်းအား လမ်းအကျယ် (၃၀) ပေနှင့် ရေမြောင်း (၁)ပေခွဲအကျယ်၊ (၁)ပေခွဲအနက် ရရှိရန်
- မိုးတွင်းကာလမိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ချိုင့်ခွက်များ၊ ရေလှိုင်းပုံစံများ မရှိစေရန်
- လမ်းအင်္ဂါရပ်နှင့် ပြည့်စုံစေရန်
- ကျေးရွာထွက် သယံဇာတများအား လွယ်ကူစွာ သယ်ယူနိုင်စေရန်
- ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပါက လွယ်ကူစေရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာတွင်းလမ်းသည် လမ်းအင်္ဂါရပ်များနှင့် ညီညွတ်လာမည်။
- မြေသားလမ်းတိုးချဲ့ပြီးနောက် လမ်းပေါ်ရေကျော်မှုများကင်းဝေးပြီး ချိုင့်များ၊ ရေလှိုင်းပုံစံများ မရှိသဖြင့် သွားလာမှု ပိုမိုအဆင်ပြေလာမည်။
- ကျေးရွာထွက်သယံဇာတများအား လွယ်ကူစွာ သယ်ယူလာနိုင်မည်။
  ကျေးရွာအတွင်း ရွာသူ/သားများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင့် မိသားစုများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပြီး လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- မြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း (၁၀၄၈၀'×၃၀'×၆")လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၀၀၀၀၀၀၀)ကျပ်ဖြစ်ပါသည်။



CamScanner

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၂၆၈ | ၁၃၂၉ | ၂၅၉၇ | ၄၀ | ၁၄၇ | ၁၅၀ | ၉၀ | ၄၂၇ |
| အကျိုးခံစားမည့်လူ ဦးရေ | ၁၂၆၈ | ၁၃၂၉ | ၂၅၉၇ | ၄၀ | ၁၄၇ | ၁၅၀ | ၉၀ | ၄၂၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• တောင်မင်းပြောင်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၀ ခုနှစ်၊ ဧပြီလ (ဒုတိယပတ်) |
| (၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀ ခုနှစ်၊ မေလ (ပထမပတ်) |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• လိုအပ်ပါက လုပ်အား၊ ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်း ရေရှည်ကောင်းမွန်နိုင်ခဲ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ကျေးရွာတွင်းမြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းအား ရေရှည်ကောင်းမွန်နိုင်ခဲ့ စေရေး အတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ် ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ / သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |



CS CamScanner

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၂)

| | |
|---|---|
| ကျေးရွာ | - တောင်မင်းပြောင် |
| ကျေးရွာအုပ်စု | - တောင်မင်းပြောင် |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

**စီမံချက်အမည်** - မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း (၃၀'×၂၀'×၁၂')

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိ မူကြိုကျောင်းသည် ဆောက်လုပ်ထားသည်မှာ ကြာမြင့်နေပြီဖြစ်၍ မူကြိုကျောင်းအင်္ဂါရပ်နှင့် မညီဘဲ ကြမ်းများ ကျိုးပဲ့နေပါသည်။
- ကျောင်းပတ်ဝန်းကျင်သည် လမ်းဘေးဖြစ်နေသောကြောင့် ကလေးများအတွက် ယာဉ်အန္တရာယ်များ စိုးရိမ်ရခြင်း
- အဆောက်အဦသည် သေးငယ်သောကြောင့် ကလေးများ ကစားခြင်း၊ စာသင်ခြင်း၊ အိပ်ခြင်းတို့တွင် နေရာများလွတ်လပ်မှုမရှိဘဲ ကျပ်တည်းစွာ နေရပါသည်။
-

**စီမံချက်ရည်ရွယ်ချက်** (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျောင်း အင်္ဂါရပ်နှင့် ပြည့်စုံစေရန်
- ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် နေရာကောင်းတစ်ခု ရရှိရန်
- ကလေးငယ်များ ဘေးအန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရန်
- အနာဂတ်ကြယ်ပွင့်ကလေးများအတွက် ပြုစုပျိုးထောင်သော အရိပ်တစ်ခု ကောင်းမွန်စွာရရှိရန်

**မျှော်မှန်းအကျိုးရလဒ်** (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- မူကြိုကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံခြင်းကြောင့် ကျေးရွာ၏ လူနေမှုအဆင့်အတန်းများလည်း မြင့်မား လာမည်။
- ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူများ ဖြစ်လာမည်။
- ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်မည်။
- ကလေးများ လွတ်လပ်စွာ ကစားခြင်း၊ မိဘများ စိုးရိမ်ပူပန်မှုမရှိဘဲ အလုပ်လုပ်နိုင်လာမည်ဖြစ်ပါသည်။ နောက်အနာဂတ်တွင် ထွန်းလင်းတောက်ပသော ကျောင်းသားငယ်များဖြစ်လာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း** (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- \- မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း (၃၀'×၂၀'×၁၂')လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၀၀၀၀၀၀၀)ကျပ်ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဦးစီး |
| • XXXXXXXXXX (ငွေသား) | • ကျေးရွာ |
| • XXXXXXXXXX (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၂၆၈ | ၁၃၂၉ | ၂၅၉၇ | ၄၀ | ၁၄၇ | ၁၅၀ | ၉၀ | ၄၂၇ |
| အကျိုးခံစားမည့်သူ ဦးရေ | ၃၈ | ၂၈ | ၆၈ | ၁၅ | ၁၃ | ၃၀ | ၁၀ | ၆၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- တောင်မင်းပြောင်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) **စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၂၁ ခုနှစ်၊ မတ်လ (စတုတ္ထပတ်)

(၃) **စီမံချက်ပြီးစီးမည့်အချိန်** ၂၀၂၁ ခုနှစ်၊ မေလ (ဒုတိယပတ်)

(၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်** -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

(၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်း ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျောင်းသားမိဘများ၊ ဆရာဆရာမများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။



CS CamScanner

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၃)**

| | |
|---|---|
| ကျေးရွာ | - တောင်မင်းပြောင် |
| ကျေးရွာအုပ်စု | - တောင်မင်းပြောင် |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

**စီမံချက်အမည်** - အ.မ.က(မူလွန်)ကျောင်းဆောင်အသစ် တိုးချဲ့ခြင်း (၆၀'×၄၀'×၁၂')

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိတွင် အလယ်တန်းကျောင်းသည် အခန်းများကျဉ်းမြောင်းနေပါသဖြင့် ပညာသင်ကြားရာတွင် အခက်အခဲများရှိနေပါသည်။
- ကျောင်းသားဦးရေများပြားလာပြီး အဆောက်အဦသည် သေးငယ်သောကြောင့် ကလေးများ ကစားခြင်း၊ စာသင်ခြင်း၊ ကခုန်ခြင်း၊ တီးမှုတ်ခြင်းတို့တွင် နေရာလွတ်လပ်မှုမရှိဘဲ ကျပ်တည်းစွာနေ ရပါသည်။
- ပညာရေးဌာနသို့ တင်ပြထားသော်လည်း နှောင့်နှေးကြန့်ကြာမှုများဖြစ်နေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျောင်း အင်္ဂါရပ်နှင့် ပြည့်စုံစေရန်
- ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် နေရာကောင်းတစ်ခု ရရှိရန်
- ကလေးများ လွတ်လပ်ပေါ့ပါးစွာ ပညာသင်ကြားနိုင်စေရန်
- အနာဂတ်ကြယ်ပွင့်ကလေးများအတွက် ပြုစုပျိုးထောင်သော အရိပ်တစ်ခု ကောင်းမွန်စွာရရှိရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျောင်းအဆောက်အဦ တိုးချဲ့ခြင်းကြောင့် ကျောင်းသား/သူများ ပညာကို ကောင်းမွန်စွာ သင်ကြားလာနိုင်မည်။
- ကျေးရွာ၏ လူနေမှုအဆင့်အတန်းများလည်း မြင့်မား လာမည်။
- ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူများ ဖြစ်လာမည်။
- သေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်မည်။
- ကလေးများ လွတ်လပ်စွာ ကစားခြင်း၊ ပညာသင်ကြားခြင်း၊ ကခုန်ခြင်း၊ တီးမှုတ်ခြင်းတို့တွင် အဆင်ပြေလာပါမည်။

နောက်အနာဂတ်တွင် ထွန်းလင်းတောက်ပသော ကျောင်းသားငယ်များဖြစ်လာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျောင်းအဆောက်အဦတိုးချဲ့ခြင်း (၆၀'×၄၀'×၁၂') လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၄၈၀၀၀၀၀၀)ကျပ်ဖြစ်ပါသည်။